# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 9, 2019 Volume 19, Number 6


| ၉.၅.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၇၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၄ ကျပ် |
| CBM Rate | = ၁၅၂၈.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၀.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၀.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၀၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၅၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၀၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၀၇၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကျွဲ၊ နွားများကို အရေးကြီးကုန်စည်မှ မကြာခင်ပယ်ဖျက်မည်

ပြည်တွင်းရှိ ကျွဲ၊ နွားများကို အရေးကြီးကုန်စည်အဖြစ် ဝန်ကြီးဌာန၏ သတ်မှတ်ထားမှုမှ ပယ်ဖျက်ကြောင်းကြေငြာချက်ကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူးရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောဆိုလိုက်သည်။ သက်ဆိုင်ရာဌာနအသီးသီးနဲ့ တစ်နှစ်ခွဲလောက်အချိန်ယူညှိနှိုင်း ဆောင်ရွက်ခဲ့ရပြီး လက်ရှိအားလုံးပြီးစီးသွားပြီဖြစ်တဲ့အတွက် မကြာခင်အမိန့် ထုတ်ပြန်တော့မှာဖြစ်တယ်ဟု ဒေါက်တာရဲထွန်းဝင်းကပြောသည်။

အရေးကြီးကုန်စည်ကနေ ပယ်ဖျက်ပြီးနောက်ပိုင်း ကုန်သွယ်မှုအပိုင်း၊ သယ်ဆောင်မှုအပိုင်းများတွင် လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရရှိသွားမည်ဖြစ်ကြောင်း ဒေါက်တာရဲထွန်းဝင်းက ပြောသည်။ ကျွဲ၊ နွားများ အနေဖြင့် အရေးကြီးကုန်ပစ္စည်းအဖြစ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုအတွက် စုစည်းသည့်နေရာ၊ ပြည်တွင်း၌ သယ်ဆောင်သွားလာသည့် နေရာများတွင် အခက်အခဲများရှိခဲ့ကြောင်း သိရသည်။ ၁၉၆၇ ခုနှစ်လောက်ကစပြီး သက်ဆိုင်ရာစိုက်ပျိုးရေးဝန်ကြီးဌာနက လယ်ယာစိုက်ပျိုးရေးမှာ ကျွဲ၊ နွားတွေကို အဓိကထားအသုံးပြုခဲ့တာကြောင့် ကျွဲ၊ နွားအရေအတွက်အပေါ် ထိခိုက်မှုမရှိအောင် အရေးကြီးကုန်စည်အဖြစ် အမိန့်ကြေငြာစာထုတ်ပြန်သတ်မှတ်ခဲ့တာပါ။ စက်မှုလယ်ယာပြောင်းလဲလာတဲ့ ဒီကနေ့ခေတ်အနေအထားနဲ့ ပြည်သူတွေရဲ့ စားနပ်ရိက္ခာလိုအပ်ချက်၊ ၂၀၁၇ ခုနှစ်ကစပြီး ကျွဲ၊ နွားတွေ ပြည်ပကို တရားဝင်တင်ပို့ခွင့်ပြုပြီး နောက်ပိုင်းမှာ အရေးကြီးကုန်စည်အဖြစ် ထုတ်ပြန်ထားတဲ့ အမိန့်ညွှန်ကြားစာကို ပယ်ဖျက်ဖို့ ကြိုးစားခဲ့တာဖြစ်ပါတယ်ဟု ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာသန်းစိုးအောင်က ပြောသည်။ လက်ရှိပြည်တွင်းမှ ကျွဲ၊ နွားများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်မှ လက်ရှိကာလအထိ ကျွဲ၊ နွားကောင်ရေ ၄ သိန်းဝန်းကျင် တရားဝင် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၄၈၀ ဝန်းကျင်ရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှသိရသည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020280

## မူဆယ်နယ်စပ်တွင် မြန်မာ့လယ်ယာထွက်ကုန်များ သိုလှောင်ရန်နေရာအခက်အခဲရှိ၍ ကုန်စည်ပျက်စီးမှုများ ကြုံတွေ့ နေ

နယ်စပ်ဒေသတွင် မြန်မာ့လယ်ယာထွက်ကုန်များသိုလှောင်ရန်နေရာ အခက်အခဲရှိ၍ ကုန်စည်ပျက်စီးမှုများကြောင့် ကုန်သည်များနစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရကြောင်း မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းနိုင်စိုးကပြောသည်။ ဆန်၊ ပြောင်း၊ သကြားတွေကို မူဆယ်နယ်စပ်ကနေ တရုတ်ဘက် ရောင်းချတဲ့အခါမှာ ကုန်သွယ်ရေးအရ ဖြစ်ဖြစ် တရုတ်ဘက်က မဂယ်တဲ့အခါမှာ လယ်ယာထွက်ကုန်တွေဟာ သိုလှောင်ရုံတွေမှာ သောင်တင်နေတယ်။ ဒါတွေကို သိုလှောင်ထားရတော့ သိုလှောင်ရုံ မလုံလောက်တာ၊ ငှားရမ်းတဲ့အခါ အပိုကုန်ကျစရိတ်တွေမြင့်တက်လာတာ၊ ဒါ့အပြင် မိုးများတဲ့ဒေသဖြစ်တာကြောင့် ကုန်စည်ပျက်စီးမှုတွေရင်ဆိုင်နေရတယ်ဟု ၎င်းက ပြောသည်။ ထို့ကြောင့် တရုတ်သို့ ဆန်၊ ပြောင်း၊ သကြား တင်ပို့ရောင်းချနိုင်ရေး အတွက် နိုင်ငံတော်မှ Government to



Government စနစ်ဖြင့် တရားဝင်တင်ပို့ရောင်းချနိုင်ရန် ဖြေရှင်းပေးရန် ကုန်သည်များမှ တောင်းဆိုနေကြသည်။

တရုတ်ဘက်က ဆန်ဂယ်ယူမှု အခက်အခဲကြောင့် သို့လှောင်ရုံ အခက်အခဲတွေ ရှိသလို တစ်ဖက်မှာလည်း ကုန်သွယ်ရေးအရ အတားအဆီးတွေကို အမြန်ဖြေရှင်း ပေးဖို့လိုအပ်တယ် " ဟု မူဆယ်ရှိ သကြားကုန်သည် ဦးထွန်းထွန်းက ပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အကြား စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် (၅)နှစ် ဖွံ့ဖြိုးမှု အစီအစဉ် ရေးဆွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ရေးထိုးထားပြီး ဖြစ်သည်။

မြန်မာအစိုးရမှ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထွက်ကုန်များ အနာဂတ်တွင် ပိုမိုဝယ်ယူနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး၊ နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးမြှင့်နိုင်ရေးအတွက် နယ်စပ်ဒေသများတွင် တရားမဝင် ကုန်သွယ်မှုများ ပပျောက်ရေး၊ လူကုန်ကူးမှုကာကွယ်တားဆီးရေးအတွက် နှစ်ဖက်တာဝန်ရှိသူများအကြား ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန် ဆက်ဆံရေး နှစ် (၇၀) ပြည့်မြောက်မည့် ၂၀၂၀ ပြည့်နှစ်တွင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာများ ဆွေးနွေးဖော်ဆောင်လျက်ရှိသည်။

**Source:**http://www.amiamyanmar.com/detail.aspx?id=8006

## ဆန်ကွဲကို တရုတ်သို့ တရားဝင်တင်ပို့ နိုင်ရန် အရည်အသွေးဆိုင်ရာ စစ်ဆေးချက်ရရှိရေးဆောင်ရွက်နေ



ဆန်ကွဲကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရန် တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့မှ သတ်မှတ်ထားသည့် အရည်အသွေးဆိုင်ရာ စစ်ဆေးချက်နှင့်အတူ မှတ်ပုံတင်ထားမှသာ တရားဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ဆန်ကို တင်ပို့ရာတွင် ကိုတာသတ်မှတ်ထားမှုမရှိခြင်းကြောင့် လွတ်လပ်စွာ တင်ပို့နိုင်သော်လည်း သတ်မှတ်ထားသည့် အရည်အသွေးစစ်ဆေးချက် ရှိထားရမည်ဖြစ်သည်။

စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က အရည်အသွေးပြည့်မီရေးနဲ့ ဆန်၊ ဆန်ကွဲရဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးတွေ ပူးပေါင်းလုပ်နိုင်မှာဖြစ်တယ်ဟုပြောသည်။ မြန်မာ့လယ်ယာထွက်ကုန်များအနက် အများဆုံးတင်ပို့လျက်ရှိသော ဆန်၊ ပြောင်း၊ သကြားအပါအဝင် ဆန်ကွဲကိုပါ တရားဝင်ရောင်းချနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် မတ်လအတွင်းက လိုအပ်သည့် Pest Risk Analysis များကို တရုတ်နိုင်ငံသို့ ပေးပို့တင်ပြထားကြောင်းသိရသည်။

မြန်မာ- တရုတ် နှစ်နိုင်ငံကြား ဆန်တင်ပို့မှုအတွက် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူညီမှုတွင် ဆန်ကွဲကို ထပ်မံဖြည့်စွက်ကာ နားလည်မှုစာချွန်လွှာ ရေးထိုးထားကြောင်း သိရသည်။ ဆန်ကွဲကို ဘဏ္ဍာနှစ်အလိုက် တရုတ်နိုင်ငံ သို့ တင်ပို့မှုစာရင်းများအရ ၂၀၁၅- ၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ၂ နှစ်အတွင်း အများဆုံး တင်ပို့နိုင်ခဲ့ သော်လည်း ၂၀၁၇- ၁၈ ဘဏ္ဍာနှစ်တွင် ဘယ်ဂျီယံ နိုင်ငံသို့ အများဆုံး တင်ပို့လာကြောင်း သိရသည်။

**Source:** http://www.amiamyanmar.com/Detail.aspx?id=8010

## ပြည်တွင်းဈေးကွက်တွင် သုံးနှစ်အတွင်းဆန်ကြမ်းဈေးနှုန်း အနိမ့်ဆုံးသို့ရောက်ရှိ

ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်း သုံးနှစ်အတွင်း အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိလာသည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းကပြောသည်။ ပြည်ပတင်ပို့သည့် ၂၅ မှတ် ဆန်တစ်အိတ်တန်ဖိုး ၃၀ ရာခိုင်နှုန်းခန့် ကျဆင်းသည့်အခြေအနေကို ရန်ကုန်ဈေးကွက်တွင် ကြုံတွေ့ရသည်ဟု ၎င်းက

ဆိုသည်။ ၂၅ မှတ် ဆန်ကြမ်းတစ်အိတ်စျေးနှုန်းက ကျပ် ၁၉,၀၀၀ ခန့်မှ ကျပ်၁၆,၅၀၀ သို့ ကျဆင်းခြင်းဖြစ်သည်။ စိုက်ပျိုးမြေဧက သုံးသန်းကျော်က ထုတ်လုပ်သည့်ဆန်များ လက်ရှိရန်ကုန်စျေးကွက်စျေးနှုန်းက လယ်သမားများကို စိတ်ပျက်စေသည်ဟု ပဲခူးတိုင်းအရှေ့ခြမ်းမှ လယ်ဧက ၆၀ ကျော် နွေစပါးစိုက်ပျိုးထားသော လယ်သမားဦးဝိုင်းက ပြောသည်။ ပြည်တွင်းဆန်စျေးကျဆင်းမှုကို ဆန်ကုန်သည်များနှင့်လယ်သမားများက တရုတ်နယ်စပ်မှ ဆန်တင်ပို့ခွင့် မရခြင်း တစ်ခုတည်းကိုသာ လက်ညှိုးထိုးနေသည်။ တရုတ်အဝယ်မရှိလို့ ပြည်တွင်းဆန်စျေးကျတာပေါ့ဟု ဦးနေလင်းက ပြောသည်။

နွေစပါးပေါ်ချိန် စပါးစျေးကျဆင်းမှုကို အစိုးရနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြိမ်ကြိမ်စာပို့ခြင်း၊ တွေ့ဆုံ တင်ပြခြင်းတို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ အသင်းချုပ်အနေနဲ့ ဝယ်လိုအားမြင့်တက်စေမယ့် နည်းလမ်းမျိုးစုံအပေါ် ကြိုးစားနေ လျက်ပါပဲဟု ဦးရဲမင်းအောင်ကဆိုသည်။ သို့သော် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူထားသော ချေးငွေများ အလျင်အမြန်ပြန်လည်ပေးဆပ်နိုင်ရန် လယ်သမားများက နွေစပါးကိုတွန်းရောင်းနေခြင်းက စျေးနှိမ်ခံရသည့် အခြေအနေ ကြုံတွေ့နေရသည်ဟု ၎င်းကဆိုသည်။ လက်ရှိအခြေအနေ ကျော်လွှားနိုင်ရေး တရုတ်နိုင်ငံသာမက မည်သည့်နိုင်ငံမဆို ဆန်သားသီးသန့်သာမက လုံးတီးဆန်၊ ကုန်ကြမ်းစပါးဝယ်ယူရန် တရားဝင်ကမ်းလှမ်းမှုရှိပါက အသင်းချုပ်က စိစစ် သုံးသပ်ပြီး ခွင့်ပြုမည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် ဆန်ထုတ်လုပ်မှု နှစ်စဉ် တန်ချိန် ၁၄ သန်းခန့်ရှိပြီး ပိုလျှံဆန်တန်ချိန် လေးသန်းခန့်ရှိသည်။ ၂၀၁၈ ဧပြီမှ၂၀၁၉ မတ်လအထိ ပြည်ပဆန်တင်ပို့မှု တန်ချိန်နှစ်သန်းခွဲခန့်သာ တင်ပို့နိုင်သည်။ ထို့ကြောင့် ပြည်တွင်း၌ ဆန်တန်ချိန် လက်ကျန် တစ်သန်းကျော်ကျန်ရှိနေသည်။ ထိုအချိန်တွင် ၁၀ စုနှစ်တစ် ခုအတွင်း တစ်ဟုန်ထိုး ဝယ်လိုအားတက်လာသည့် တရုတ်နိုင်ငံသည် ၂၀၁၈ အောက်တိုဘာက စတင်ပြီး နယ်စပ်မှ ဆန်တင်သွင်းမှုကို တားမြစ်ထားသည်။ ထိုအခြေအနေကြောင့် ခုနစ်လအတွင်း မူဆယ်မြို့၌ ဆန်တန်ချိန် ခြောက်သောင်းကျော်ပိတ်မိနေသည်။

အခြေအနေကို ဖြေရှင်းရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြိုးစားနေပြီး ကုန်ပစ္စည်းဖလှယ်သည့်စနစ်ဖြင့် နယ်စပ်မှ ဆန်တင်ပို့ရေးလည်း စီစဉ်နေသည်။ ထို့အပြင် တရားဝင်ခွဲတမ်းရရှိထားသော ဆန်တန်ချိန်တစ်သိန်း ရောင်းချ နိုင်ရေး ကြိုးပမ်းနေသည်။ တရုတ်ကို ဆန်ရောင်းချရန် မြန်မာကုမ္ပဏီ ၇၀ ကျော်က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကို စာရင်းပေးထားသည်။ ဆန်ရောင်းချလိုသည့် ကုမ္ပဏီများနေခြင်းက တရုတ်နိုင်ငံနှင့် ညှိနှိုင်းရေး အခက်အခဲရှိနေသည်ဟု အသင်းတာဝန်ရှိသူအချို့ကပြောသည်။ ထို့ကြောင့် အသင်းချုပ်က ကုမ္ပဏီ ၂၀ ခန့်အထိ လျှော့ချရန်ဆန္ဒရှိသော်လည်း တင်ပို့လိုသည့် ကုမ္ပဏီများကလက်မခံသဖြင့် တိကျသည့်ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အခက်အခဲအချို့ရှိနေသည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူအချို့ကဆက်လက်ပြောသည်။

**Source:** http://www.7daydaily.com/story/155608

## ကြက်သွန်နီ တရုတ်ကိုတင်ပို့ ရာတွင် ယခင်နှစ်စျေးထက် တစ်တန်လျှင် ကျပ်နှစ်သိန်းခန့် စျေးကျဆင်း

မြန်မာထွက်ကြက်သွန်နီများ တရုတ်ကိုတင်ပို့ရာတွင် ယခင်နှစ်စျေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကျပ် နှစ်သိန်းခန့် စျေးကျဆင်းနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး န်ကြီးဌာနမှသိရသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ကြက်သွန်နီတစ်ပိဿာ ပျမ်းမျှ ကျပ် ၉၀၀၊ တစ်တန်လျှင် ကျပ် ၅၅၀,၀၀၀ ခန့် ရရှိခဲ့ကြောင်း၊ လက်ရှိ ဘဏ္ဍာနှစ်တွင် တစ်ပိဿာ ကျပ် ၆၀၀၊ တစ်တန်လျှင် ကျပ် ၃၆,၀၀၀ ခန့်နှုန်းဖြင့် သာ ရောင်းချ၍ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက တစ်တန်လျှင် ကျပ် နှစ်သိန်းနီးပါးခန့် လျော့နည်းခဲ့သည်။

အရင်ဘဏ္ဍာနှစ်က တစ်တန်ကို ပျမ်းမျှစျေး ကျပ် ငါးသိန်းရတယ်။ အရည်အသွေးအပေါ် မူတည်ပြီးတော့ စျေးရ တယ်။ မနှစ်က ဧပြီမှာ တရုတ်ကို ပို့တဲ့ကြက်သွန်စျေးဟာ တစ်တန်ကို ကျပ် ၈ သိန်းလောက် စျေးရတယ်။ အဲ့ဒီကနေ မေလကနေ စက်တင်ဘာအထိ အရည်အသွေး ကောင်းတဲ့ ကြက်သွန်နီတစ်တန် ရောင်းချစျေးဟာ ကျပ် ၉ သိန်းကနေ ကျပ် ၁၅ သိန်း အထိတောင် စျေးရရှိခဲ့တယ်။ ဒီနှစ်တော့ အဝယ်ရှိပေမယ့် စျေးနည်းတယ်။ ပြည်တွင်းမှာလည်း အထွက် များတယ်။ ပိုလျှံတယ်။ အခုကြက်သွန် ပေါက်စျေးဟာ လှောင်လက်နဲ့ စားသုံးသူ အကြိုက်စျေးပဲဟု မန္တလေး- မူဆယ်ရှိ ကြက်သွန်နီ ကုန်သည်တစ်ဦးဖြစ်သူ ဦးမြတ်ထွန်းဦးကပြောသည်။ ယခုနှစ် တစ်ဖက်နိုင်ငံတွင် စျေးလျှော့ဝယ်ယူမှုကြောင့် ကုန်သည်များသာမက စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအထိပါ ရသင့်ရထိုက်သည့် အကျိုးခံစားမှုမရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းထွက် ကြက်သွန်နီများ ရေရှည်ထားရှိနိုင်မည့် နည်းလမ်းများစီမံ၍ စနစ်တကျသိုလှောင်ခြင်း၊

ပြည်ပဈေးကွက်များသို့ ကြက်သွန်နီ အသင်းအဖွဲ့မှထိုးဖောက်၍ တိုက်ရိုက်သွားရောက်ညှိနိုင်းခြင်း၊ စီးပွားရေးသံမှူးများထားရှိသည့်နိုင်ငံများ၌ ကြက် သွန်နီဈေးကွက် အခြေအနေများကိုလေ့လာ၍ ဂန်ကြီးဌာနနှင့် သက်ဆိုင်ရာကုန်သည်အသင်းအဖွဲ့ များသို့ အသိပေးခြင်း၊ ချိတ်ဆက်ပေးခြင်းတို့ ဆောင်ရွက်ရန်လိုအပ်နေသည်။

ပြည်တွင်းထွက် ကြက်သွန်နီကို တရုတ်နိုင်ငံသို့ ပေးပို့သည့် ဈေးနှုန်းသည် ကြက်သွန်နီ ထွက်ရှိနှုန်း၊ ဝယ်ယူမှုဈေးကစားမှုအပေါ် မူတည်နေကြောင်း၊ ပြည်တွင်းကုန်ပစ္စည်း ရှားပါးချိန် မျိုးဖြစ်သည့် ဩဂုတ်နှင့် စက်တင် ဘာတွင်ပို့ကုန်ဈေးနှုန်း မြင့်မားတတ်ကြောင်း၊ ကြက်သွန်နီကို ပြည်တွင်းမှာ စနစ်တကျ သိုလှောင်ပြီး ဈေး တက်ချိန်တွင်တင်ပို့ရောင်းချခြင်းဖြင့် ဈေးကျဆင်းမှုကို ထိန်းထားရန် လိုအပ်ကြောင်း သိရသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် မတ်လအထိပြည်ပသို့ ကြက်သွန်နီ တန်ချိန် ၁၇,၀၀၀ ခန့်၊ အမေရိကန်ဒေါ်လာ ၃ ဒသမ၁၉၀ သန်းခန့် ရရှိထားသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှာ တန်ချိန် ၂၂,၀၀၀ ကျော်၊ ၂၀၁၆- ၁၇ ဘဏ္ဍာနှစ်မှာ တန်ချိန် ၆ သောင်းကျော်၊ ၂၀၁၆ ၁၇ ဘဏ္ဍာနှစ်မှာ တန်ချိန် ၄၇၀၀၀ ကျော် အသီးသီးတင်ပို့ခဲ့သည်။ မြန်မာနိုင်ငံတွင် ကြက်သွန်နီကို မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး သုံးခုတွင် အများဆုံး စိုက်ပျိုးကြ သည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8007

## စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်းကို ၇ နှစ်ခန့် ဆောင်ရွက်မည်

ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု စီမံကိန်းကို ၇ နှစ်ခန့် ထိအချိန်ယူ အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရသည်။ ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက " စီမံကိန်းကာလ (၇) နှစ်တာကာလအတွင်း အဆင့်မြင့်လယ်ယာမြေဖော်ထုတ်တာ ဦးစီးဌာနကနေ မိဘမျိုးစေ့နဲ့ဆင့်ပွါးမျိုးစေ့များ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်တာတွေ ဆောင်ရွက်နေတယ်ဟုပြောသည်။ ထိုစီမံကိန်းအရ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့်စိုက်ပျိုးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းမြင့်မားရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဓါတ်ခွဲခန်းများအဆင့်မြှင့်တင်ခြင်းအစရှိသည့်လုပ်ငန်းများအား အဓိကထားဆောင ရွက်သွားမည်ဖြစ်သည်။

လက်ရှိတွင်မ (စီပင်) စိုက်ပျိုးရေး သုတေသနခြံ၌ ဆောင်ရွက်ထားရှိသည့် ၂၀၁၈ ခုနှစ် မိုးနှောင်းရာသီ၏ မြေပဲနှင့်နေကြာ ဆင့်ပွါးမျိုးစေ့ ထုတ်လုပ်ခြင်းမှာ ရာနှုန်းပြည့်ပြီးစီးခြင်း၊ ဇလုပ် စိုက်ပျိုးရေး သုတေသနခြံ၌ ဆောင်ရွက်ထားရှိသည့် ၂၀၁၈ ခုနှစ် မိုးနှောင်းရာသီ၏ ကုလားပဲ ဆင့်ပွါးမျိုးစေ့ ထုတ်လုပ်ခြင်းမှာ (၈၀) ရာခိုင် နှုန်းထိ ပြီးစီးခြင်း၊ ရေဆင်းသုတေသန (ရုံးချုပ်) ၌ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲလွမ်းသီးနှံများ မိဘမျိုးစေ့ထုတ် စိုက်ကွက်များ စိုက်ပျိုးပြီးစီးခြင်းနှင့် မိုးကြိုရာသီ စိုက်ကွက်များအားလည်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ယင်းအပြင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန (ရေဆင်း) ရုံးချုပ်နှင့် နယ်သုတေသနခြံ (၄) ခြံအတွက် စက်မှု လယ်ယာကဏ္ဍ ဖော်ဆောင်ရေး၌ လိုအပ်သည့်စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ၊ စပါးရိတ်သိမ်းခြွေ စက် (Combine Harvester)အပါအဝင် လုပ်ငန်းသုံးယာဉ်များ၊ ဓါတ်ခွဲခန်းများနှင့် သီးနှံသိုလှောင်သည့် အအေးခန်းများအတွက် မီးစက်များ၊ ရုံးလုပ်ငန်းသုံး စက်ပစ္စည်းများကိုလည်း သုတေသနလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်း၏ ထောက်ပံ့မှုဖြင့် စီစဉ်ပေးထားကြောင်း သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် အဆိုပါစီမံကိန်းကို ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုဖြင့် (၂၀၁၆ - ၂၀၁၇) ခုနှစ်မှ စတင်၍ ရေဆင်းသုတေသန (ရုံးချုပ်) အပါအဝင် ဇလုပ်၊ ကျောက်ဆည်၊ တပ်ကုန်းနှင့် စီပင်ရှိ သုတေသနခြံများ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း (Agricultural Development Support Project- ADSP) ၏ သုတေသနများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ ညှိနှိုင်းဆွေးနွေးခြင်း အခမ်းအနားကို နေပြည်တော်၊ ရေဆင်းရှိ စိုက်ပျိုးရေး သုတေသန ဦးစီးဌာနတွင် ဧပြီလ (၃၀) ရက်နေ့က ကျင်းပခဲ့သည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=8005

## ပြည်တွင်း မှိုခြောက်မှုန့် များကို ပြည်ပပို့ ရန် ဂျပန်ကုမ္ပဏီနှင့် ပူးပေါင်းမည်



ပြည်တွင်းစိုက်ပျိုးထွက်ရှိသော မှိုခြောက်မှုန့်များ ဖြစ်သည့် (ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှို)ကို ပြည်ပနိုင်ငံ များသို့ တင်ပို့နိုင်ရန် ဂျပန်ကုမ္ပဏီတစ်ခုနှင့် MoU လက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ စားသုံးမှိုအစုအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်ကပြောသည်။ ပစ္စည်းအရည်အသွေးကို သူတို့ ကြိုက်တယ်။ packing ကို သူတို့က ပြောင်းခိုင်းတယ်။ packing ကတော့ သူတို့ သေချာရင် ပြောင်းလို့ရတယ်။ ဒီကထွက်သမျှ မှိုဆိုရင်လည်း မှိုခြောက်၊ မှိုမှုန့် အပြတ်ရောင်းမယ်။ သူ့ဟာသူ packing လုပ်ပြီး ပြန်ရောင်းပေ့ါ။ တကယ်လို့ ပြန်ရောင်းမယ်ဆိုရင် အန်ကယ်တို့အသင်းက ဒီကနေ မြန်မာမှိုဆိုပြီးတော့ ထောက်ခံ ပေးမယ်ဟု ၎င်းကပြောသည်။ ယင်းကုမ္ပဏီအနေဖြင့် မှိုခြောက်မှုန့် နမူနာများယူ၍ မလေးရှားသို့တင်ပို့ထားပြီး အိန္ဒိယ၊ စင်္ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့ကိုလည်း နမူနာများပေးပို့သွားမည်ဟုဆိုသည်။

ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ကောက်ရိုးမှိုများကို အခြောက်လှန်းကာ ပေါင်ဒါမှုန့်ပြုလုပ်၍ ဟင်းခတ်မှုန့်အဖြစ် အသုံးပြုမှု တွင်ကျယ်လာသည့် အတွက် ယခုကဲ့သို့ ဈေးကွက်ချဲ့ထွင်ရန် စီစဉ်ရခြင်းဖြစ်သည်ဟုဆိုသည်။ အန်ကယ်တို့က ဒီအတိုင်းမလုပ်ချင်ဘူး။ MoU ထိုးခိုင်းမယ်။ ဒီလ ဘယ်လောက်ထွက်မယ်။ ဘယ် လောက်ယူမယ်ပေ့ါ။ သူတို့လာမယ် နှစ်ပတ်အတွင်း ပြန်လာမယ်ပြော တယ်။ အဲ့ဒါကို အမယ်တစ်မျိုးစီ လုပ်ရမှာပေ့ါ။ ဒန့်ဒလွန်မှုန့်ဆိုရင် ဒန့်ဒလွန်အရွက်ခြောက်မှုန့်၊ မှိုဆိုရင် မှို တစ်ခါလုပ်မယ်။ အဲ့ဒါကို ထုတ်လုပ်သူနဲ့ စိုက်ပျိုးတဲ့ တောင်သူတွေ ခေါ်ပြီးတော့ သူတို့ရှေ့မှာပဲ တိုက်ရိုက်ချိတ်ဆက်မယ်” ဟု ဦးတင်အောင်က ပြောသည်။ မှိုခြောက်မှုန့်အပြင် ဒန့်ဒလွန်နှင့် ကြယ်ပဲတို့ကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့သွားမည်ဟုဆိုသည်။

လက်ရှိပြည်တွင်း ဈေးကွက်အတွင်း မှိုတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ဝန်းကျင် ပေါက်ဈေးရှိပြီး ရန်ကုန်ဈေးကွက် အတွင်းသို့ နေ့စဉ် မှိုပိဿာချိန် ၆၀၀၀ မှ ၇၀၀၀ ဝန်းကျင် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ မှိုစိုက်ပျိုးရာတွင် လယ်ယာထွက် ပစ္စည်းများ အသုံးပြု၍ စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးစရိတ်နည်းပါးခြင်း၊ တစ်ပတ်အတွင်း ငွေပြန်ရခြင်းတို့ကြောင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူ များပြားလာကြောင်း သိရသည်။ ယင်းကဲ့သို့ စိုက်ပျိုးရာတွင် မှိုမျိုးစေ့ထုပ်ကို ဝယ်ယူစိုက်ပျိုးမည် ဆိုပါက တစ်ပတ်အတွင်း မှိုထွက်ရှိ၍ တစ်လခွဲအထိ မှိုထုတ်ယူနိုင်ပြီး မျိုးစေ့ထုတ်ပိုး၍ စိုက်ပျိုးမည်ဆိုပါက စတင်စိုက်ပျိုးချိန်မှစ၍ တစ်လအတွင်းမှ သုံးလအထိ မှိုထုတ်ယူနိုင်သောကြောင့် တစ်နှစ်လျှင် ၅ ကြိမ်ဝန်းကျင်အထိ မှိုစိုက်ပျိုးထုတ်လုပ်နိုင်ကြောင်း သိရသည်။

**Source:** https://www.facebook.com/kope.aung

## ပြည်ပမှ ရာသီပေါ် သီးနှံများ တရားဝင်တင်သွင်းခွင့်ပြု

ပြည်တွင်းစားသုံးမှုလိုအပ်ချက်အရ ပြည်တွင်းတွင် ထွက်ရှိမှုမရှိသည့်ရာသီများ၌ အချို့သောသီးနှံများကို နယ်စပ်ဒေသ များမှတစ်ဆင့် နိုင်ငံအတွင်းသို့ တင်သွင်းခွင့်ပြုလိုက်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။ ပန်းသီး၊ သစ်တော်သီး၊ သရက်သီး၊ ကြက်မောက်သီးတို့အပါအဝင် သီးနှံအမျိုး ၂၀ ကို တင်သွင်းခွင့်ပြုလိုက်ကြောင်း ယင်းထုတ်ပြန်ချက်အရသိရသည်။

ယခင်က တရားမဝင်တင်သွင်းမှုများရှိနေပြီး ယခုအခါ တရားဝင်တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အမြဲတမ်းအတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။ ဥပမာ-သရက်သီး ဆိုရင် ပြည်တွင်းမှာမထွက်တဲ့အချိန် တင်သွင်းခွင့်ပြုတယ်။ ပြည်တွင်းမှာ ထွက်တဲ့အချိန် တင်သွင်းခွင့် မပြုတာတွေ ရှိတယ်ဟု ၎င်းကဆိုသည်။ ယင်း သီးနှံအများစုကို ထိုင်းနိုင်ငံမှ အများဆုံးတင်သွင်းကြောင်း ၎င်းကဆိုသည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/posts/345084942759457

## စစ်ကိုင်းဒေသကြီးမှ ကချင်ပြည်နယ်သို့ ဒေသကြက် လစဉ်ပိဿာချိန် နှစ်သောင်းကျော်တင်ပို့ နေရ

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ဥစားကြက်မွေးမြူခြင်းတွင် စားသုံးသူအရေအတွက်နှင့်အညီ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းမရှိသော်လည်း ဒေသကြက်ထွက်နှုန်းများသဖြင့် တိုင်းဒေသကြီးအတွင်း စားသုံးမှုဖူလုံသည့်အပြင်

မြစ်ကြီးနားသို့ လစဉ်ပိသာချိန် နှစ်သောင်းကျော်တင်ပို့ရောင်းချနေရကြောင်း စစ်ကိုင်းခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။ ကချင်ပြည်နယ်သည် အအေးပိုင်းဒေသဖြစ်သဖြင့် ဒေသကြက်မွေးမြူရာတွင် ဖြစ်ထွန်းမှုနည်းပါးသဖြင့် ဒေသကြက် မွေးမြူရေးတွင် ဖြစ်ထွန်းမှုများသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ လစဉ်မှာယူနေရကြောင်းနှင့် ဒေသကြက်ဈေးနှုန်းမှာလည်း မွေးမြူရေးကြက်များထက်ဈေးကောင်းရရှိကြောင်းသိရသည်။ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဗန်းမော်ကို တစ်လမှာ ဒေသကြက် ၁၅ ကြိမ်လောက်ပို့ရတယ်။ တစ်ကြိမ်ကို ပိသာချိန် ၁၅၀၀ နဲ့ ၁၇၀၀ လောက်ရှိတယ်။ ကားတစ်စီးစာပေါ့။ ဒေသကြက်ဆိုတော့ ဈေးကလည်း ကောင်းတယ်လေ။အဲဒီမှာက အသားစားကြက်တော့ ဖြစ်ထွန်းတယ်။ ဒေသကြက်က မဖြစ်ထွန်းဘူးဟု စစ်ကိုင်းခရိုင်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဂင်းမြင့်က ပြောပြသည်။

လက်ရှိအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ဒေသကြက်ဝယ်ယူသူများမှာ တစ်ပိသာလျှင် ငွေကျပ် ၇၀၀၀ နှင့်ဝယ်ယူ၍ ကချင်ပြည်နယ်သို့ ငွေကျပ် ၉၀၀၀ နှင့် ၁၀၀၀၀ ဝန်းကျင်တွင် ပြန်လည်ရောင်းချလျက် ရှိကြောင်း၊ ဒေသကြက်မှာ အကြမ်းခံပြီး အအေးပိုင်းဒေသကြီး အဖြစ်နည်းပြီး၊ အပူပိုင်းဒေသတွင် ဖြစ်ထွန်း ကြောင်းသိရသည်။ ဒေသကြက်သည် ရာသီဥတုဒဏ်ခံနိုင်ပြီး အာဟာရဓါတ်အနည်းငယ်ပါဝင်သည့် အစားအစာတို့ကို စားသုံးခြင်းဖြင့် အသက်ရှင်ကြပြီး ကုန်ကျစရိတ်အနည်းငယ်ဖြင့် မွေးမြူနိုင်ကြောင်း၊ မွေးမြူသူ၏ ဂရုစိုက်မှုပေါ်တွင်မူတည်၍ အောင်မြင်ဖြစ်ထွန်းမှု အကျိုးကိုခံစားရကြောင်းနှင့် ဒေသကြက်မွေးမြူရာတွင် သန့်ရှင်းမှုပုံမှန်ပြုလုပ်ပေးခြင်း၊ ခွေး၊ ကြောင်၊ ကြွက်အန္တရာယ်တို့ကို ဂရုစိုက်ပေးခြင်းဖြင့် အောင်မြင်နိုင်ကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## STOCK EXCHANGE (9.5.19)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 9th May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 12,000 | 11,500 | 4,707 | 54,411,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 7,038 | 22,013,200 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +200 | +2.78% | 7,200 | 7,400 | 7,200 | 24 | 175,400 | 10,400,986 | 76,967 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,500 | 22,500 | 22,000 | 14 | 312,500 | 2,472,053 | 54,385 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,950 | 7,355 | 21,697,250 | 12,212,906 | 36,028 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 440.81 | +12.43 | +2.90% | 438.76 | 440.81 | 438.76 | 19,138 | 98,609,350 | 5 | 601,804 |


**Index chart**



# Market Overview

As of 1:00 pm, 9th May. 2019

| MYANPIX | 440.81 |
|---|---|
| | ▲ 12.43 |
| Total Volume (shares) | 19,138 |
| Total Value (MMK) | 99 mil |
| Listed Company | 5 |
| Market Cap. (MMK) | 601,804 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 200 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,950 | ▲ 50 |

TIR